**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**

www.knuhq.com

# သတင်းထုတ်ပြန်ချက် ၁/၂၀၂၄

**ဇန္နဝါရီလ(၃)ရက်၊၂၀၂၄ ခုနှစ်။**

ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံး (KNU) သည်  စစ်အာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်ဟူသမျှ ချုပ်ငြိမ်းစေပြီး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအတွက် ဘဝတူတိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့စည်းများ၊ ဒီမိုကရေစီအင်အားစုများ၊ နွေဦးတော်လှန်ရေးအဖွဲ့များနှင့် တစိုက်မတ်မတ် ပူးတွဲတိုက်ပွဲဝင်နေသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

၂၀၂၄ ခုနှစ် ဇန္နဝါရီလ (၁) ရက်နေ့တွင် မသာမာသူ လူတစ်စုက KNU နှင့် KNLA - ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်တို့၏ အမည်၊  အမှတ်တံဆိပ်နှင့် စည်းတံဆိပ်ကို တုပပြုလုပ်၍  မြဝတီမြို့နေ လုပ်ငန်းရှင်တဦးထံမှ ငွေကြေး အတင်းအဓမ္မ ခြိမ်းခြောက်တောင်းခံရန် ကြိုးစားသည့်အမှုတခု ဖြစ်ပွားခဲ့ပါသည်။  ဤအမှုကျူးလွန်သူ မသမာလူတစ်စု သည် ပြည်သူလူထုက KNU အပေါ် အထင်အမြင်မှားပြီး KNU ၏ နိုင်ငံရေးဂုဏ်သိက္ခာကို ညိုးနွမ်းစေရန် ရည်ရွယ်၍ ပြုလုပ်ခဲ့သည်ဟု ယူဆပါသည်။

KNU အနေဖြင့် ဤကိစ္စကို လုံးဝလက်မခံနိုင်ကြောင်းနှင့် မိမိ အမည်နာမကိုအသုံးချ၍ မတရား ငွေကြေးတောင်းခံသည့် အမှု ဖော်ထုတ်နိုင်ရေးအတွက် လိုအပ်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

KNU သည် ပြည်သူလူထု၏ ဘဝလုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် တစ်စိုက်မတ်မတ် ကြိုးစားပြီးထိန်းသိမ်း ကာကွယ်စောင့်ရှောက်နေသည့် အဖွဲ့အစည်းတခုဖြစ်သည့် အားလျော်စွာ ပြည်သူလူထုထုအနေဖြင့် ထိုသို့သော အလားတူ ဖြစ်ရပ်များနှင့် ရင်ဆိုင်ကြုံတွေ့လာရပါက နီးစပ်ရာ KNU တာဝန်ရှိသူများထံသို့ ဆက်သွယ်အကြောင်းကြားရန် အသိပေး အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟို**

ဆက်သွယ်ရန်- (+66 98 687 9384) (+66 80 228 0996)